★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၄၈/၂၀၀၇ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်။



ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ
ယခုဆိုရင် (၄)နှစ်(၅)လနဲ့(၈)ရက်ရှိသွားပါပြီ။

" ××× ပြည်သူလူထုဟာ လုံခြုံမှု လွတ်လပ်မှုမရှိဘူးဆိုရင် နိုင်ငံတနိုင်ငံလုံးကို လွတ်လပ်တယ်လို့ ဘယ်လိုမှ ခေါ်လို့မရဘူး။ တပ်မတော်ဆိုတာ တိုင်းပြည်ကို အုပ်ချုပ်ဖို့ တည်ထောင်ခဲ့တာမဟုတ်ဘဲ ပြည်သူလူထုကို ကာကွယ်ဖို့၊ တိုင်းပြည်ရဲ့ ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ဖို့ ထူထောင်ထားတာ။ တပ်မတော်ဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ထူထောင်တာလဲ၊ ပြည်သူလူထုကိုဖေးမဖို့ ကာကွယ်ဖို့ ဒါတွေ ရည်ရွယ်ချက်နဲ့ ထူထောင်တာပဲ။ နိုင်ငံရေးလုပ်ဖို့ ထူထောင်တာမဟုတ်ဘူး။ တပ်မတော်ဆိုတာ အရောင်ဆိုးထားတဲ့တပ်မတော် မဖြစ်ဘူး။ ဘာအရောင်မှ မရှိတဲ့၊ ပြည်သူလူထုကိုကာကွယ်တဲ့ မဏ္ဍိုင်သဖွယ် မိမိတို့ရဲ့ တာဝန်ဝတ္တရားကို သီးသီးသန့်သန့်ထမ်းဆောင်တဲ့ တပ်မတော်သာဖြစ်သင့်ပါတယ် ×××"

(၂၆-၄-၉၉ ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌါနချုပ်ရုံး၌ ပြောကြားသော မိန့်ခွန်းမှ)

## ယနေ့ သတင်းများ


၁။ ကျိုက္ကဆံကွင်းမှာ သံဃာတော်များကို အတင်း လူဝတ်လဲခိုင်းနေပြီး အသက်ရှင်သူတွေကိုပါ အတင်းမီးရှို့နေ
၂။ သံဃာအလောင်း [၃] လောင်း ထပ်မံတွေ့ရှိ
၃။ သံဃာ့တပ်ပေါင်းစု ကြေညာချက်ထုတ်ပြန်
၄။ လှိုင်သာယာစက်မှုဇုံအလုပ်သမားများ ဆန္ဒပြ
၅။မဂ္ဂင်ဆရာတော်ကို ထောင်ချရန် အချက်အလက်ရှာနေ၊ နေရာအနှံ့မှ လူ့အခွင့်အရေးမြှင့်တင်သူများကို ဖမ်းဆီးနေ
၇။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်သွယ်ရန်အတွက် အလုပ်သမား ဒု-ဝန်ကြီးကို ခန့်အပ်
၈။ ထိန်းသိမ်းခံနေရသူတွေရဲ့ အခြေအနေဆိုးတွေကို လွတ်မြောက်လာသူတယောက်က ပြန်လည်ပြောပြ
၉။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တုန့်ပြန်ချက်ထုတ်ပြန်ရန်ဆွေးနွေး
၁၀။ပြည်ပမီဒီယာများအား တိုက်ခိုက်မှုအပေါ် မြန်မာသတင်းသမဂ္ဂ၏ တုံ့ပြန်ချက်
၁၁။ သံဃာတော်တွေနဲ့ပတ်သက်လို့ န အ ဖ ၏ စွပ်စွဲချက်များကို မည်သူမျှ ယုံကြည်မည်မဟုတ်
၁၂။ တရုတ်ကောင်စစ်ဝန်ရုံး ပစ်ခတ်ခံရ
၁၃။ န အ ဖ ကြေညာချက်ကို ရှေ့နေများသမဂ္ဂက ကန့်ကွက်ရှုတ်ချ
၁၄။ ရန်ကုန်ဆန္ဒပြပွဲအတွင်း သေဆုံးသွားခဲ့တဲ့ ဂျပန်သတင်းထောက် ခမ်းဂျိနာဂအိရဲ့ ဗျာပန တိုကျိုမှာ ကျင်းပခဲ့
၁၅။ ဘုန်းကြီးကျောင်းများမှာ လက်နက်ဖမ်းမိတယ်လို န အ ဖ စစ်အစိုးရက ထုတ်ပြန်ကြေညာ


## ကျိုက္ကဆံကွင်းမှာ သံဃာတော်များကို အတင်း လူဝတ်လဲခိုင်းနေပြီး အသက်ရှင်သူတွေကိုပါ အတင်းမီးရှို့နေ

*ဗွီအိုအေ၊ ၈ အောက်တိုဘာလ၊ ၂၀၀၇*

ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့သံဃာတွေကို စစ်အစိုးရ အာဏာပိုင်တွေက အတင်း လူဝတ်လဲတာမျိုးတွေပြုလုပ်နေပြီးတော့ ပြီးခဲ့တဲ့ အင်္ဂါနေ့က သံဃာအပါး ၅၀၀ လောက်ကို ကျိုက္ကဆံကွင်းကနေ တခြားနေရာကို ပြောင်းရွှေ့ ထိန်းသိမ်းခဲ့တဲ့အကြောင်း၊ ဒါ့အပြင် စက်တင်ဘာလ ၁၉ ရက်နေ့ ည သန်းခေါင် အချိန်မှာ ရိုက်နှက်ခံရလို့ သေဆုံးရတဲ့ရဟန်းတွေနဲ့ ပြည်သူတွေအပါအဝင် လူ ၈၀ နီးပါးကို စစ်ကားတွေနဲ့သယ်ဆောင်လာပြီးတော့ ရေဝေးသုသာန်မှာ မီးရှို့ အလောင်းဖျောက်ခဲ့တဲ့ အကြောင်း အဲဒီအထဲက တချို့ဟာအသက် မသေသေးပဲနဲ့ မီးရှို့ခံရကြောင်း တာဝန်ပေးခံ ရတဲ့ဝန်ထမ်းတဦးကို ဆက်သွယ်မေးမြန်းပြီးတော့ ထိုင်းနိုင်ငံအခြေစိုက် ဗီအိုအေ မြန်မာ ပိုင်းဌာနရဲ့သတင်းထောက် မအေးအေးမာ က တင်ပြပေးထားပါတယ်။

အဖမ်းခံနေရတဲ့သံဃာတော်တွေကို ကျိုက္ကဆံကွင်းထဲမှာ လူဝတ်လဲပြီး သိက္ခာ ချနေတဲ့အကြောင်း ကျိုက္ကဆံမှာ တာဝန်ကျနေတဲ့ စည်ပင်ဝန်ထမ်းတဦးက ပြောပြပါ တယ်။ ဒါ့အပြင် ဆန္ဒပြလှုပ်ရှားသူတွေရဲ့အလောင်းတွေနဲ့မသေပဲ ဒဏ်ရာရသူတွေကို လည်း ရေဝေးသုသာန်မှာ သင်္ဂြိုလ်မှုတွေလည်း လုပ်နေတယ်လို့ ဆိုပါတယ်။ ကျိုက္ကဆံဝင်း အတွင်းမှာ ဂိုဒေါင်လိုပုံစံဆောက်ထားပြီး ယာယီအကျဉ်းထောင်လုပ်ထားတယ်လို့ ဆိုပါ တယ်။ ၂၈ ရက်နေ့ ညကတော့ သံဃာအပါး ၈၀၀ လောက်ကို လူဝတ်တွေနဲ့ တွေ့ခဲ့ရ တယ်လို့ ဆိုပါတယ်။ ဒီနေရာကို ရေသွယ်ပေးဖို့အတွက် တာဝန်ကျတဲ့ စည်ပင်ဝန်ထမ်း တဦး ပြောပြတာကတော့၊

"ကျနော်ကတော့ ကျနော့်တာဝန်နဲ့သွားပေ့ါခင်ဗျာ၊ စည်ပင်သာယာ သန့်ရှင်း ရေးဌာနကလေ။ ရေသွယ်ဖို့သွားတာ။ အဲဒီ ကျိုက္ကဆံဝင်းထဲမှာ၊ အပြင်ကနေတော့ ဘာမှ မတွေ့ရဘူးပေ့ါနော်၊ ကျနော်တို့အထဲမှာ တာဝန်အရဝင်လို့ရှိရင် အဲဒီထဲမှာ ဂိုဒေါင်ပုံစံ မျိုးတွေ၊ အကျဉ်းထောင်ပုံစံနဲ့ ယာယီလုပ်ထားတာလေ။ အဲဒီမှာ ရေသွယ်ဖို့သွားတဲ့ အချိန်မှာပဲ စစ်ကား ပက်ထရိုကားက ရောက်လာပြီးတော့ ဗိုလ်ကြီးတဦးနဲ့စစ်သား ၆

ဦးက ဝင်လာတယ်။ အဲဒီအချိန်မှာ ဝင်ဝင်လာချင်းပဲ ချက်ချင်းပဲ၊ အကျဉ်းကျတဲ့ပုံစံမျိုးနဲ့ နေနေရတဲ့ ဘုန်းတော်ကြီးတွေကိုပဲ ဖင်ဘူးခေါင်း ထောင်ခိုင်းထားတယ်။ ခေါင်းငုံ့နေကြရတာ။ ဘုန်းကြီးတပါးကဝင်လာတဲ့လူတွေကို မော့ကြည့်လိုက်တော့ အနီးနားမှာရှိတဲ့စစ်ဗိုလ်က ခေါင်းကို စစ်ဖိနပ်နဲ့ကန်တာ။ ကျနော်တို့ကလည်း ဒီအတိုင်းပဲ၊ ဘာမှ ဝင်စွက်ဖက်ပိုင်ခွင့်လည်းမရှိဘူး။ ဒီအတိုင်းပဲကြောင်ပြီး ကြည့်နေရတယ်။ စိတ်တော့ မကောင်းဘူးပေါ့။ ဗမာ ဗုဒ္ဓဘာသာတယောက်အနေနဲ့။ မျက်ရည်ကျရုံကလွဲလို့။”

၂၁ နေ့ညက စစ်ဗိုလ်တဦးနဲ့ စစ်သား ၆ ဦး ဝင်ရောက်လာချိန်မှာ သံဃာတော်တွေက ခေါင်းငုံ့ပြီး ထိုင်နေရကြောင်း၊ ဒီအထဲက သံဃာတပါးက ခေါင်းမော့ကြည့်မိတဲ့အတွက် စစ်ဗိုလ်က ခြေထောက်နဲ့ကန်ခဲ့ကြောင်း၊ ဒ့ါအပြင်ပါလာတဲ့စစ်သား ၆ ဦးကလည်း တခြားသံဃာတော်တွေကို ခါးပတ်ဖြုတ်ပြီး ရိုက်နှက်ခဲ့တာကိုမြင်ခဲ့ရတဲ့အတွက် အတော့်ကို စိတ်မကောင်းဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ သံဃာအားလုံးဟာ လူဝတ်လဲခံထားရပြီး အောက်တိုဘာလ ၂ ရက်နေ့ကတော့ သံဃာအပါး ၅၀၀ လောက်ကို တနေရာကို ပြောင်းရွှေ့ခေါ်ဆောင်သွားတယ်လို့လည်း ဆိုပါတယ်။

“တနေ့ကပဲ စစ်လော်ရီ (၇) စီးလောက်နဲ့ တနေရာကိုပြန်တိုက်သွားပြီ။ အဲဒီမှာ အပါး ၅၀၀ လောက် ပါသွားတယ်။ တကယ်တမ်းမှာ အခု ၃၀၀ လောက်ပဲကျန်တော့မယ်။ သင်္ကန်းလည်း ချွတ်လိုက်တယ်။ သိက္ခာတော့ ချလို့မရဘူးခင်ဗျ။ ကျနော်သိရသလောက်ကတော့ သူတို့ စစ်တပ်ဘုန်းကြီးလို့ ခေါ်တာပဲ၊ ဘုန်းကြီးတပါးကလာပြီး သူတို့ကို သိက္ခာချဖို့အတွက် စာတွေရွတ်ပေးနေတာ၊ ဆရာတော်သံဃာတော်တွေက လိုက်မဆိုဘူး။ လိုက်မဆိုဘူးဆိုတော့ သူတို့က မပြီပြင်ဘူးပေါ့နော်၊ သိက္ခာချတာ။ ဒါပေမယ့် သူတို့ဟာ သူတို့ အတင်းအကျပ်ပဲ လူဝတ်လဲလိုက်တယ်လေ။”

သူဟာ ဒီအလုပ်တွေကို မလုပ်ချင်ပဲနဲ့လုပ်နေရကြောင်းနဲ့ စက်တင်ဘာလ ၂၉ ရက်နေ့ညကတော့ ရေဝေးသုသာန်မှာ ဘယ်ကခေါ်လာမှန်းမသိတဲ့အလောင်းတွေနဲ့ မသေမရှင်လူတွေကို မီးသင်္ဂြိုလ်ဖို့အတွက် တာဝန်ပေးအပ်ခြင်း ခံရကြောင်းကိုလည်း ဆက်ပြောပြပါတယ်။

“ကျနော်တို့ကလည်း တာဝန်အရလုပ်တယ်ဆိုပေမယ့် သေဆုံးတဲ့လူတွေကျတော့ လုပ်ပေးနိုင်ပေမယ့်၊ မသေတဲ့လူတွေကျတော့် ကျနော်တို့မှာ ကိုင်တွယ်ဖို့က ဝကျနေတယ်လေ။ သူက အသက်ရှုနေတာလေ။ အသက်ရှင်နေတာ။ အဲဒီတော့ ကျနော်တို့က အဲဒီလူတွေကို သင်္ဂြိုလ်စက်ထဲထည့်ဖို့က ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အဲဒီအပေါ်မှာ ကျနော်တို့က မရဲတဲ့ကိစ္စတွေကျတော့ စစ်သားတွေက အတင်းထိုးထည့်တယ်လေ။ သူတို့က အရက်ပုန်းတွေပါ ပါပြီး အရက်မူးနေကြတော့ လုပ်ရဲတယ်။ နောက် ကျောက်ခွဲစရာတခုကောင်းတာက အဲဒီအထဲမှာ အမျိုးသမီးတယောက်ပါတယ်ဗျ၊ အမျိုးသမီးက သူ့ကို အသက်ချမ်းသာပေးပါပေါ့နော်၊ သူဟာ သာမန်မိန်းကလေးတယောက် မဟုတ်ဘူးပေါ့နော်၊ ကိုယ်ဝန် လွယ်ထားရတာပေါ့။”

အရက်အလွန်အကျွန်သောက်ထားတဲ့ စစ်သားတွေဟာ ကိုယ်ဝန်ရှိတဲ့အမျိုးသမီးကိုလည်း ဘက်နက်နဲ့ထိုးသတ်ခဲ့ပြီး မီးသင်္ဂြိုလ်စက်ထဲကို ထည့်ခဲ့ကြောင်း၊ ဒီအဖြစ်ကို မြင်တွေ့ခဲ့ရတဲ့အတွက် စိတ်ထိခိုက်ရပြီး အလုပ်ကထွက်ဖို့အတွက် ဆုံးဖြတ်ချက်ချမိကြောင်း ဆက်ပြောသွားပါတယ်။ ■




## သံဃာအလောင်း [၃] လောင်း ထပ်မံတွေ့ရှိ

*ဗွီအိုအေ၊ ၈ အောက်တိုဘာလ၊ ၂၀၀၇*

ရန်ကုန်မြို့ သာကေတနဲ့ သုဝဏ္ဏကြားက ကမာကြည် မြစ်ကူးတံတားအောက်မှာ ဘုန်းကြီးအလောင်း (၃)လောင်းပေါ်လာတာတွေ့ခဲ့ရပါတယ်။ ဒီအကြောင်း မျက်မြင်သက်သေတဦးကို ဆက်သွယ်မေးမြန်းပြီး ဒေါ်အေးအေးမာက တင်ပြပေးထားပါတယ်။

စစ်အစိုးရက သံဃာတော်တွေရဲ့အလောင်းတွေ ပေါ်လာတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြည်ပမီဒီယာတွေကနေလုပ်ကြံ ဖန်တီးနေတာဆိုပြီး ပြောဆိုနေချိန်မှာပဲ သောကြာနေ့ကတော့ သာကေတနဲ့ သုဝဏ္ဏကြားက ကမာကြည်တံတားအောက်မှာ သံဃာတော်တွေရဲ့အလောင်း (၃) လောင်း ထပ်မံတွေ့ရှိခဲ့ရပါတယ်။ မျက်မြင်တွေ့ရှိသူတဦးပြောပြခဲ့တာကတော့၊

“သောကြာနေ့ ၁၀ နာရီလောက်ကပေ့ါနော်၊ သာကေတနဲ့ သုဝဏ္ဏကမာကြည်တံတားအောက်မှာ ဘုန်းကြီးအလောင်း (၃) လောင်း မျောလာတာကို လူတွေ တွေ့ကြတယ်။ လူတရာလောက်က ဝိုင်းအုံပြီးကြည့်ကြတယ်။ ကြည့်ကြတဲ့အခါမှာ ရဲတွေရောက်လာပြီးတော့ လူတွေကိုဖယ်ခိုင်းပြီးတော့ ဘုန်းကြီးအလောင်းကို ရဲတွေက သယ်သွားတယ်။”

ဗွီအိုအေ။ ။ဘုန်းကြီးအလောင်းကိုတွေ့တဲ့အခါမှာ လူထုတွေက ဘယ်လိုမျိုးခံစားရလဲ၊ ဘယ်လိုမျိုးဖြစ်ကြလဲ –

“သမီးရယ်၊ လူတွေကတော့ အရမ်းဝမ်းနည်း ကျောက်ခွဲကြတာပေ့ါနော်၊ စိတ်မကောင်းလည်းဖြစ်ကြတာပေ့ါ။ အဲဒီမှာ လူစု လူဝေးတယောက်နဲ့တယောက်ကြည့်ကြတော့ ဝိုင်းအုံလာတာပေ့ါ။ ပြီးတော့ တရာကျော်လောက်ဖြစ်သွားတာပေ့ါ သမီးရယ်။ သင်္ကန်းတွေနဲ့ ဖရိုဖရဲ မျောပြီးတော့ပါလာတာ။ သင်္ကန်းတွေပါလာပြီး ကတုန်းတွေနဲ့ဆိုတော့ ဘုန်းကြီးတွေဖြစ်မှန်းသိတာပေ့ါ သမီးရယ်။”

ဗွီအိုအေ။ ။ အဲဒီတော့ ရဲတွေက ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လူတွေကို ကြည့်နေတဲ့အပေါ်မှာ မောင်းထုတ်တဲ့ ပုံစံမျိုးတွေရော ရှိလား –

“လူတွေကို အဖယ်ခိုင်းတာပေ့ါ သမီးရယ်။ ရဲလာတော့ လူတွေက နဲနဲရှဲသွားကြတာပေ့ါနော်။ ဖယ်ခိုင်းတာပေ့ါ လူတွေကို။ ဖယ်ကြဆိုတော့၊ ရဲလာတော့ နဂိုကတည်း လူတွေကကြောက်နေကြတာဆိုတော့ လူတွေက အကုန်လုံးရှဲသွားတဲ့အခါမှာ ရဲတွေက အဲဒီအလောင်း (၃) လောင်းကို ယူသွားတယ်။ အကုန်လုံးက စုတ်တသတ်သတ်နဲ့ စိတ်မကောင်းတွေဖြစ်ကြတာပေ့ါ သမီးရယ်။ အားလုံးက ဝမ်းနည်းပက်လက်ဖြစ်ကြတာပေ့ါ။ ကြေကွဲကြတာပေ့ါ။ လူတွေရဲ့စိတ်ထဲမှာ အင်မတန်ခံစားရတဲ့ မျက်နှာပေါက်တွေ မျက်နှာတွေမှာ ခံစားရတာမြင်ရတာပေ့ါ။”

မကြာသေးခင်ကမှပေါ်ပေါက်လာခဲ့တဲ့ သံဃာတပါးရဲ့ အလောင်းကိုတော့ အေဘီစီ သတင်းဌာနကနေရိုက်ကူးခဲ့ရာမှာ သံဃာအလောင်းရဲ့ခေါင်း၊ လည်ပင်း၊ ကျောကုန်းနေရာတွေမှာ အညိုအမဲဒဏ်ရာများ အထင်အရှားပေါ်နေပါတယ်။ စစ်အစိုးရကတော့ ဒါဟာ ဆေးမင်ကြောင်ထိုးထားတဲ့လူတယောက်ရဲ့အလောင်းသာဖြစ်ကြောင်း၊သံဃာတပါးရဲ့အလောင်း မဟုတ်ဘူးဆိုပြီး ငြင်းဆိုသွားခဲ့ပါတယ်။

အခုတွေ့ရှိခဲ့တဲ့ သံဃာတော်တွေရဲ့အလောင်း (၃)လောင်းနဲ့ပတ်သက်ပြီးတော့တော့ စစ်အစိုးရဖက်က တစုံတရာပြောကြားခြင်း မရှိသေးပါဘူး။ ■

## သံဃာ့တပ်ပေါင်းစု ကြေညာချက်ထုတ်ပြန်

*ဒီဗွီဘီ၊ ၈ အောက်တိုဘာလ၊ ၂၀၀၇*

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအရေး ဆုံးဖြတ်ချက်ချဖို့ ကြိုးပမ်းမှုအပေါ် တရုတ်နိုင်ငံက ဗီတိုအာဏာသုံးပြီး ပယ်ချနေအုံးမယ်ဆိုရင်တော့ လာမဲ့နှစ် တရုတ်အိုလံပစ်ပွဲတော်နဲ့ တရုတ်ကုန်ပစ္စည်းတွေကို သပိတ်မှောက်ရေးကိစ္စ တကမ္ဘာလုံးအနှံ့ ဖြစ်ထွန်းလာဖို့ ဦးစီးလုပ်ဆောင်သွားမယ်လို့ မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့ တပ်ပေါင်းစုအဖွဲ့ကြီးက ကြေညာချက်တစောင်ထုတ်ပြန်ပြီး တရုတ်အစိုးရကို ဒီကနေ့ သတိပေးလိုက်ပါတယ်။ ဒီကြေညာချက်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးရဲ့ ဦးဆောင်ဆရာတော်တပါးဖြစ်တဲ့ ဆရာတော်ဦးဂမ္ဘီရက အခုလို ဖတ်ကြားပေးထားပါတယ်။

**"မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးမှ တရုတ်နိုင်ငံအစိုးရအား သတိပေးကြေညာချက်"**

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ၊ (၈) ရက်

တရုတ်နိုင်ငံ အစိုးရသည် မြန်မာနိုင်ငံအရေးအား ဒေသတွင်း ငြိမ်းချမ်းရေးကိုငှင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးကိုငှင်း မခြိမ်းခြောက်နိုင်ဟူ၍ အကြောင်းပြပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာအရေး ဆွေးနွေးပွဲအား ပျက်ပြားစေရန် ကြိုးပမ်းအားထုတ်နေကြောင်း ကြားသိရသည်။ မြန်မာနိုင်ငံသည် သင်္ဃာယနာ နှစ်ကြိမ်တင်ထားသော နိုင်ငံဖြစ်ပြီး၊ ထေရဝါဒ ငါးနိုင်ငံအပါအဝင်ဖြစ်ကာ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာနိုင်ငံအဖြစ် အထင်အရှားဖြစ်သည်။ ကမ္ဘာပေါ်တွင် အငြိမ်းချမ်းဆုံးဝါဒအဖြစ် ကမ္ဘာ့လူသားထုတရပ်လုံးက လက်ခံအသိအမှတ်ပြုထားခဲ့သော ဗုဒ္ဓဘာသာကို အစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သော ရဟန်းတော်များ၊ ဒါယိကာ၊ ဒါယိကာမများအား ယခုအခါ နအဖ စစ်အာဏာရှင်တို့က ရက်ရက်စက်စက်၊ အကြမ်းဖက် ရိုက်နှက်သတ်ဖြတ်၊ ဖမ်းဆီးမှုများ ပြုလုပ်ကျူးလွန်လျက်ရှိသည်။ အကြမ်းဖက်ဖိနှိပ်ရက်စက် သတ်ဖြတ်မှုများက ကြမ်းတမ်းပြင်းထန်လှသောကြောင့် မြန်မာပြည်၌ သာသနာတော်ကွယ်ပျောက်မည့်အရေးအထိ စိုးရိမ်စရာဖြစ်လာရသည်။ ဒီနိုင်ငံ၌ သာသနာတော်မြတ် ကွယ်ပျောက်ခဲ့လျှင် ငြိမ်းချမ်းရေးကိုရှေ့ရှုသော ဘာသာဝါဒတရပ် ကမ္ဘာမြေပြင်ပေါ်တွင် အားနည်းမေးမှိန်စေမှာဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လဲ အားနည်းစေမည်ဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံအစိုးရသည် လူသန်းချီ၍ သတ်ဖြတ်ခဲ့သော တာလီဘန်ကိစ္စနှင့် ဆူဒန်လူသတ်အစိုးရအား အားပေးအားမြှောက်ပြုခဲ့သော သာဓကများတရပ်၊ တိဘက်ရဟန်းတော်များအား တရုတ်အစိုးရကိုယ်တိုင် သတ်ဖြတ်ကျူးလွန်ခဲ့သော သာဓကတို့နှင့်အတူ ယခု အကြမ်းမဖက် လက်နက်မဲ့လာငြိမ်းချမ်းစွာ မေတ္တာပို့စီတန်းလမ်းလျှောက်ကြသော သံဃာတော်များ၊ သီလရှင်များနှင့် လူထုအား သေနတ်၊ ဝါးရင်းတုတ်၊ နံပါတ်တုတ်၊ နှစ်တလက်မ တုတ်များဖြင့် အကြမ်းဖက်ဖြိုခွဲရိုက်နှက်သတ်ဖြတ်ဖမ်းဆီးခဲ့သော နအဖ စစ်အာဏာရှင် ရာဇဝတ်ကောင် လူသတ်အစိုးရအား အားပေးအားမြှောက်ပြုအကာအကွယ်ပေးနေခြင်းမှာ စစ်ဝါဒီအကြမ်းဖက်သမားများအား ကမ္ဘာ့မြေမျက်နှာပေါ်တွင် အရုပ်ဆိုးအကျည်းတန်စွာ ကြီးထွားဖွံ့ဖြိုးရှင်သန်စေခြင်းဖြင့် တရုတ်အစိုးရကသာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ထိခိုက်စရာများ ပြုလုပ်နေခြင်းဖြစ်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် ဆင်းရဲတော်မွတ်မှုနှင့် အကြမ်းဖက်ဖိနှိပ်သတ်ဖြတ်ဖမ်းဆီးမှုတို့ကို အလူးအလဲခံစားနေရသော မြန်မာပြည်သူလူထုအား သနားစာနာ ငဲ့ညှာခြင်းမရှိပဲ မိမိကိုယ်ကျိုးစီးပွားအတွက်ကိုသာကြည့်၍ ယခုကဲ့သို့ မြန်မာနိုင်ငံလူသတ်အစိုးရအား ဆက်လက်အားပေးအားမြှောက်ပြုခဲ့ပါလျှင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာအရေးဆုံးဖြတ်ချက်အား ဗီတိုအာဏာသုံးပြီးကန့်ကွက်ခဲ့ပါလျှင် တရုတ်နိုင်ငံအစိုးရအား ပြစ်ဒဏ်ခတ်အရေးယူခြင်းအဖြစ် ကမ္ဘာ့လူသားထုကြီးမှ တရုတ်နိုင်ငံ အိုလံပစ်ပွဲတော်နှင့် တရုတ်ကုန်ပစ္စည်းများအား ကမ္ဘာအနှံ့အပြားမှ ဝိုင်းဝန်းသပိတ်မှောက်သွားကြရန်နှင့် နိုင်ငံတကာအနှံ့အပြားရှိ ဗုဒ္ဓဘာသာဝင်များက တရုတ်အိုလံပစ် သပိတ်မှောက်ပွဲများအား ဦးဆောင်သွားကြမည်ဖြစ်ကြောင်း တရုတ်နိုင်ငံအစိုးရအား ကျွန်ုပ်တို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးမှ ပြင်းပြင်းထန်ထန်သတိပေးကြေညာလိုက်သည်။

**"သမဂ္ဂါနံ တပေါသုခေါ။ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး။ "**

ဒီကနေ့ ထုတ်ပြန်တဲ့ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးရဲ့ ကြေညာချက်ကို ဦးဆောင်ဆရာတော် ဦးဂမ္ဘီရ ဖတ်ကြားပေးသွားတာဖြစ်ပါတယ်။ ■

---

## လှိုင်သာယာစက်မှုဇုံအလုပ်သမားများ ဆန္ဒပြ

*ရီးမ ၊ ၈ အောက်တိုဘာလ၊ ၂၀၀၇*

ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုံတွင် လုပ်ခလစာတိုးပေးရေးနှင့် အခြားအချက်များ တောင်းဆိုသည့် ဆန္ဒပြပွဲတရပ် ယနေ့နံက်က ဖြစ်ပွားခဲ့ သည်။ လှိုင်သာယာစက်မှုဇုံ (၂) ရှိ ချားမင်းအထည်ချုပ်စက်ရုံ အလုပ်သမားများက လုပ်ခလစာတိုးမြှင့်ရေးအပါအဝင် အချက် (၆) ချက်ကို တနာရီကျော်ကြာ တောင်းဆိုဆန္ဒပြခဲ့ခြင်းဖြစ်သည်။

"ဒီလစာထုတ်တဲ့ရက်မှာ လစာတသောင်းကျော်လောက် လျော့သွားတယ်။ အလုပ်ချိန်ပိုခိုင်းတယ်။ ထမင်းစားချိန် နာရီဝက်ပဲပေးတယ်။ မုန့်စားချိန် အရင်ကလိုမပေးတော့ဘူး။ စက်ရုံကြိုပို့တဲ့ကားခကိုလည်း လစာထဲကဖြတ်တယ်။ အဲ့ဒါတွေကို မကျေနပ်လို့ ကျမတို့စက်ရုံဝင်းထဲမှာပဲ ငြိမ်းငြိမ်းချမ်းချမ်းမတ်တပ်ရပ်ပြီး ဆန္ဒပြတာပါ" ဟု စက်ရုံအလုပ်သမားတဦးက ပြောသည်။

အမှတ် (၃၈)၊ ဆိပ်ကမ်းသာလမ်းတွင်တည်ရှိသည့် ချားမင်းစက်ရုံအလုပ်သမား (၈၀၀) ကျော်က ယနေ့နံက် (၇)နာရီမှစတင်ကာ ဆန္ဒပြခဲ့ကြသည်ဟု ၎င်းက ဆက်လက်ပြောသည်။ အလုပ်သမားများဆန္ဒပြနေသည့် ချားမင်းစက်ရုံသို့ အလုပ်သမားဌါနမှ တာဝန်ရှိသူများနှင့် ဒေသခံအာဏာပိုင်များရောက်ရှိလာကာ နေ့လည် (၁၂)နာရီတွင် အလုပ်သမားများကို လူစုခွဲစေခဲ့ပြီး အလုပ်သမားများတောင်းဆိုသည့် အချက် (၆)ချက်ကို အလုပ်သမားရုံးမှ တာဝန်ရှိသူများနှင့် စက်ရုံတာဝန်ခံများဆွေးနွေးကာ လိုက်လျောခဲ့သည်ဟု ဆိုသည်။

အလုပ်သမားများ၏ တောင်းဆိုချက်များကို ချားမင်းစက်ရုံမှ လိုက်လျောခဲ့သော်လည်း ဆန္ဒပြအလုပ်သမားခေါင်းဆောင်များကို နောင်တွင် ဆန္ဒပြမှုမဖြစ်ပေါ်စေရန် ခံဝန်လက်မှတ်ထိုးခိုင်းခဲ့သည်။

"အရင်အတွေ့အကြုံအရဆိုရင် လက်မှတ်ထိုးခိုင်းတဲ့လူတွေကို အလုပ်ဖြုတ်တာမျိုး၊ လုပ်ခလစာနည်းအောင် အလုပ်မပေးတာမျိုး၊အလုပ်ခွင်ထဲမှာ စက်ရုံတာဝန်ရှိတဲ့လူတွေက ညစ်တတ်တော့ အလုပ်သမားတွေကတော့ သူတို့အတွက် စိုးရိမ်နေကြတယ်" ဟု အလုပ်သမတဦးက ဆိုပါတယ်။ ■

---

## မဂ္ဂင်ဆရာတော်ကို ထောင်ချရန် အချက်အလက်ရှာနေ၊ နေရာအနှံ့မှ လူ့အခွင့်အရေးမြှင့်တင်သူများကို ဖမ်းဆီးနေ

*ရိုးမ ၊ ၈ အောက်တိုဘာလ၊၂၀၀၇*

စစ်အစိုးရစစ်တပ်များက ဆန္ဒပြရာတွင်ပါဝင်သော ကျောင်းတိုက်များသို့ နေ့စဉ်ဝင်ရောက်နေရာ ယနေ့နေ့လည်က သဃ်န်းကျွန်းမြို့နယ်ရှိ မဂ္ဂင်ကျောင်းသို့ (မယက)အဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

ယနေ့နံက်က မဂ္ဂင်ကျောင်းတိုက်မှ သံဃာတော်နှစ်ပါးနှင့်ပြည်သူနှစ်ဦးကို ပြန်လွှတ်ပေးလိုက်ပြီးနောက် ထိုသို့ ကျောင်းတိုက်အတွင်း ဝင်ရောက်ရှာဖွေနေခြင်းဖြစ်သည်။

"ခုလွှတ်လာတာက နှစ်ယောက်နဲ့နှစ်ပါး၊ (၂)နာရီလောက်မှာ ကျောင်းအပေါ်ထပ်ကို တက်ရှာနေတယ်။ ဆရာတော်ဦးအိန္ဒိနဲ့ဘုန်းကြီးဦးအိန္ဒိယကိုထောင်ချဖို့ အထောက်အထားတွေရှာနေတာဖြစ်နိုင်တယ်။ (ရယက)၊ (မယက)နဲ့ ရဲသတင်းတပ်ဖွဲ့က လူတွေဖြစ်မယ်။" ဟု မျက်မြင်သက်သေတဦးက ဆိုသည်။

ပြန်လည်လွှတ်မြောက်လာသူများနဲ့ မဂ္ဂင်ဆရာတော်အသက် (၈၄)နှစ်ရှိ ဦးကေတုနှင့် ဦးနန္ဒိယတို့ နှစ်ပါးဖြစ်ပြီး အောင်ဇော်ဝင်းနှင့် အမည်မသိပြည်သူနှစ်ဦးဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

လက်ရှိတွင် မဂ္ဂင်ကျောင်းအား ပြန်လည်ဖွင့်ပေးထားပြီး ယခင်ရက်များက အခြားကျောင်းများသို့ရွှေ့ထားခံရသည့် ကိုရင်ကိုးပါးအပါအဝင် ဆရာတော်ဝေယျာဝစ္စပြုလုပ်ပေးနေသူ မဂ္ဂင်ဆရာတော်၏ တူမတော်သူတို့ ကျောင်းသို့ ပြည်လည်ရောက်ရှိလာသည်ဟု ဆိုသည်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများ (HEDP) အဖွဲ့ဝင်များကို စစ်အစိုးရက ပိုက်စိတ်တိုက်ရှာဖွေဖမ်းဆီးနေရာ ယခုလ (၃)ရက်နေ့က ဒေသအသီးသီးမှ (HEDP) အဖွဲ့ဝင် (၄) ဦး ဖမ်းဆီးခံခဲ့ရသည်။

၎င်းတို့ (၄)ဦးမှာ ကိုထွန်းထွန်းဦး (ခ) ကိုသန်းမြင့်၊ အင်းတော်မြို့ (စစ်ကိုင်းတိုင်း)၊ ကိုအောင်မျိုး၊ ကိုမင်းညို၊ ကိုမောင်မောင်သန်း ရွှေဘိုမြို့ (စစ်ကိုင်းတိုင်း)နှင့် ဦးကြည်မြင့် ကသာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကိုဇော်လင်း (အင်န်အယ်ဒီပါတီဝင်) တို့ ဖြစ်သည်။

အဆိုပါ ဖမ်းဆီးခံခဲ့ရသူများမှာ သံဃာတော်များဆန္ဒပြမှုတွင် ပါဝင်ပတ်သက်သည်ဟုဆိုကာ စစ်အစိုးရက နေအိမ်အသီးသီးမှ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ ■

---

## ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်သွယ်ရန်အတွက် အလုပ်သမား ဒု–ဝန်ကြီးကို ခန့်အပ်

*ဟစ်တိုင် ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

ဖမ်းဆီးခံ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် စစ်အစိုးရက အလုပ်သမားဝန်ကြီးဌာန ဒုဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်ကို ခန့်အပ်လိုက်ကြောင်း စစ်အစိုးရရုပ်သံနှင့် ရေဒီယိုက ယနေ့ညက ကြေညာလိုက်ပါတယ်။ ဗိုလ်ချုပ်အောင်ကြည်၏ တာဝန်ကို ညှိနှိုင်းဆက်သွယ်ရေးတာဝန်ခံ (Manager fro relations) ဟု သုံးနှုန်းထားပါတယ်။

ယခင်အပတ်က မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ကုလသမဂ္ဂအထူးကိုယ်စားလှယ် အေဘရာဟင် ဂန်ဘာရီအကြံပြုသည့်အတိုင်း အနာဂတ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်သွယ်မည့် အရာရှိတဦး ခန့်အပ်ရန် အကြံပေးချက်ကို လက်ခံအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်သွားခဲ့ပါတယ်။

ယခင်အပတ်က ဗိုလ်ချုပ်ကြီး သန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် ကြိုတင်သတ်မှတ်ချက်များကို မြန်မာအစိုးရ သတင်းဌာနများမှတဆင့် ကြေညာကြိုတင် လက်နက်ချခိုင်းထားသော စည်းကမ်းချက်များအဖြစ် ဝေဖန်ခံခဲ့ရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ပယ်ချခဲ့ပါတယ်။ ■

---

## ထိန်းသိမ်းခံနေရသူတွေရဲ့ အခြေအနေဆိုးတွေကို လွတ်မြောက်လာသူတယောက်က ပြန်လည်ပြောပြ

*ဗွီအိုအေ၊ ၈ အောက်တိုဘာလ၊ ၂၀၀၇*

မကြာသေးခင်က ဆန္ဒပြပွဲတွေအတွင်း ဖမ်းဆီးခံနေရသူတွေထဲက တချို့ကို မြန်မာစစ်အစိုးရအာဏာပိုင်တွေက ပြန်လွှတ်ပေးနေတယ်လို့ သိရပါတယ်။ ဆန္ဒပြပွဲတွေအတွင်း ဖမ်းဆီးထိန်းသိမ်းတာခံရပြီး မကြာသေးခင်ကမှ ပြန်ပြီးလွှတ်လာတဲ့ အမျိုးသမီးတဦးကို ဆက်သွယ်မေးမြန်းပြီး ဗွီအိုအေ မြန်မာပိုင်းရဲ့ ထိုင်းအခြေစိုက်သတင်းထောက် ဒေါ်အေးအေးမာ က တင်ပြထားပါတယ်။

ဆန္ဒပြလှုပ်ရှားမှုမှာပါဝင်ရင်း ထိန်းသိမ်းခံခဲ့ရတဲ့ အမျိုးသမီးတဦးဟာ သူဟာ အင်းစိန်ဂျီတီအိုင်ကျောင်းဝင်းအတွင်းနဲ့ ကျိုက္ကဆံဝင်းအတွင်းက ဂိုထောင်တွေမှာ ထိန်းသိမ်းခံထားခဲ့ရကြောင်း၊ မကြာသေးခင်ရက်ပိုင်းအတွင်းကပဲ ပြန်လည်လွှတ်မြောက်လာကြောင်း ပြောပြပါတယ်။ သူဘယ်လိုဖမ်းခံရသလဲဆိုတာကိုတော့ အခုလိုစပြီးတော့ ရှင်းပြပါတယ်။

"ညီမတို့ဖမ်းခံရတာ ပထမညီမတို့ဆန္ဒပြတာက ဆူးလေလမ်းမပေါ်မှာပြတာ။ အဲဒီကနေ စစ်သားတွေရောက်လာပြီး ပစ်ရာခတ်ရာကနေ ကျွန်မတို့ လူစုတွေကွဲသွားကြတာ၊ ကျွန်မ အဖမ်းခံရတာက ဘုတာကြီးဘက်မှာ အဖမ်းခံရတယ်။ ဘုတာကြီးမှာနောက်ထက် ကျောင်းသားတွေရော ပြည်သူတွေရော တသောင်းလောက်ရှိတယ်။ ဆန္ဒပြတာ ဘုတာကြီးဂုံးတံတားပေါ်မှာ အဲဒီအချိန်မှာဘုတာကြီး ဂုံးတံတားပေါ်လည်းရောက်ရော အရှေ့ကစစ်သားတွေက ပိတ်တက်လာပြီး သေနတ်တွေနဲ့ ပစ်တယ်။ ပစ်တော့သမီးတို့တွေ ပြေးရလွှားရတာ ပိတ်မိနေတယ် ဘယ်မှ ပြေးလို့မရဘူး။ ဝိုင်းပြီးတော့ဖမ်းတာခံရတာ။ သမီးတို့ စပြီးအဖမ်းခံရတော့ ဘုန်းကြီးနှစ်ပါးကို ကြိုးနဲ့တုပ်သွားတယ်။ သင်္ကန်းတွေဆောင့်ဆွဲ ရိုက်နှက်ပြီးတော့ ဘုန်းကြီးတစ်ပါးကို ကြိုးနဲ့တုတ်ပြီး ကားပေါ်

---

***ဓမ္မသည် အဓမ္မကို နိုင်မြဲ။ ***
***လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ***

ခေါ်သွားတယ်။”ဖမ်းဆီးခံရစဉ်အတွင်းက ကားတွေပေါ်မှာ ခေါင်းမော့မကြည့်ရကြောင်း ခေါင်းမော့ကြည့်တာနဲ့ရိုက်နှက်ခံခဲ့ရကြောင်းတွေကိုလည်း ပြောပြသွားခဲ့ပါတယ်။ သူတို့ဖမ်းဆီးခံလိုက်ရ တဲ့ဂိုဒေါင်ထဲမှာ အမျိုးသမီး(၁၅၀) ကျော်ကိုထားရှိကြောင်း အမျိုးသားတွေနဲ့ ဘုန်းကြီးတွေကိုတော့ သူတို့နှင့် အတူတကွ မထားရှိကြောင်း ပြောပြပါတယ်။ ဒါ့အပြင် အစားအသောက်နှင့် နေရေးထိုင်ရေး အခက်အခဲ ရှိပုံတွေကိုလည်း ဆက်လက်ပြောပြပါတယ်။

“သမီးတို့ကိုခေါ်သွားတဲ့ အင်းစိန်သင်တန်းကျောင်းမှာ၊ အဲဒီသင်တန်းကျောင်းမှာ သမီးတို့ကိုထားတယ်။ အဲဒီမှာ ရိုက်နှက်ခံထားရတဲ့သူတွေလည်းတွေ့ရတယ်။ ခေါင်းကွဲတဲ့ သူတွေလည်းကွဲတယ်၊ လက်ကျိုးနေတဲ့သူတွေလည်း ကျိုးနေတယ် အဲဒီလိုမျိုး တွေ့ရတယ်။ ထမင်းသုံးနပ်ဝတ်တယ်ရေကလည်း လုံးဝချိုးခွင့်မပေးဘူး။ ထမင်းမကျွေးဘူး၊ အခန်းထဲမှာ အမျိုးသမီး ၁၅၀ ကျော်ကို အညစ်အကြေးစွန့်လို့ရှိရင်လည်း အဲဒီ ဘေးဖက်မှာ အခန်းတခန်းရှိတယ်၊ အဲဒီအခန်းမှာပဲ အညစ်အကြေး စွန့်ရတယ်။ ကြာလာတဲ့အခါကျတော့ အညစ်အကြေးတွေက နံလာပြီးတော့နေလို့မရဘူး ဖြစ်လာတယ်။ အစားအသောက်ကလည်း ကျွေးတော့လည်း ကြွတ်ကြွတ်အိတ်နဲ့ထည့်ကျွေးတယ်။ ကျန်းမာရေးနဲ့ လုံးဝညီညွတ်မှုကိုမရှိဘူး။ သမီးတို့က မနေနိုင်လို့သွားပြောတော့အခန်းလဲပေးတယ်။ အခန်းလဲပေးပြီးတော့ ရှင်းပေးတယ်။ ပြီးတော့ အဲဒီဘေးမှာ မြောင်းတူးပြီးတော့ အိမ်သာလုပ်ပေးတယ်။ အိမ်သာလုပ်ပေးပြီးတော့ အဲဒီအိမ်သာကိုရေလုံးဝမပေးဘူး။ တစ်ရှူးစာရွက်တွေပဲ သုံးခိုင်းတယ်။ ရေတွေဘာတွေလည်း ချိုးဖို့လုံးဝမပေးဘူး။ မျက်နှာဆိုလည်း အဲဒီရောက်ပြီးနောက်တရက်မှ ကျမတို့ မျက်နှာတွေဘာတွေ သစ်ရတယ်။ သွားလုံးဝတိုက်ခွင့်မပေးဘူး။ အဲဒီနောက် ကျွန်မတို့ကို ကျိုက္ကဆံကို ခေါ်သွားတယ်။ တညအိပ်လောက်ကြာမှ ရေချိုးခွင့်ပေးတယ်။ ရေချိုးခွင့်ပေးတော့လည်း ရေများများချိုးရင် အော်တယ်။ ရေကို ဝုန်းဝုန်းဆိုလောင်းချိုးလိုက် ပြီးရင် ဆပ်ပြာတိုက်ဆို တိုက်ရတယ်။ အဲဒီလို ရေကိုခပ်လောင်းပြီးတော့ ကျွန်မတို့ အပေါ် ပြန်တက်ခဲ့ရတယ်။ အဝတ်အစားတွေဘာတွေလည်း မလဲရဘူး။ အိပ်ရတော့လည်း ပျဉ်ပြားပေါ်မှာဒီ အတိုင်းအိပ်ရတာ။”

သူတို့ကိုပြန်လည် လွှတ်ပေးလိုက်တဲ့အခါမှာ ရွေးချယ်ပြီးမှသာ ပြန်လည်းလွှတ်ပေးခဲ့သလို၊ နိုင်ငံရေးနဲ့ပတ်သက်သူတွေကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်ကြောင်း တချို့ကိုတော့ ဘယ်ခေါ်သွားမှန်းမသိဖြစ်ခဲ့ရတယ်လို့လည်း ပြောပြပါတယ်။ ■



# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တုန့်ပြန်ချက်ထုတ်ပြန်ရန်ဆွေးနွေး

*ခေတ်ပြိုင်၊ ၈ အောက်တိုဘာလ၊၂၀၀၇*

မြန်မာနိုင်ငံတွင် သံဃာတော်များ၊ ကျောင်းသားပြည်သူများ၏ ငြိမ်းချမ်းစွာဆန္ဒပြမှုကို စစ်အာဏာပိုင်များက အကြမ်းဖက်ဖြိုခွဲခဲ့မှုအပေါ် လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချရန်အတွက် မူကြမ်းတစောင်ကို ယနေ့ဆွေးနွေးမည်ဖြစ်ပါတယ်။

ပြီးခဲ့သည့် သောကြာနေ့၌ မစ္စတာဂမ်ဘာရီက မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည့် ၎င်း၏ လတ်တလောခရီးစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီထံ အစီရင်ခံခဲ့ပြီးနောက် အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်နိုင်ငံတို့က အဆိုပါမူကြမ်းကို အဖွဲ့ဝင် (၁၅)နိုင်ငံပါဝင်သည့် လုံခြုံရေးကောင်စီထံ တင်သွင်းထားခြင်းဖြစ်ပါတယ်။

လောလောဆယ်မူကြမ်းထဲတွင် ဖမ်းဆီးထားသူများနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရန် တောင်းဆိုချက်နှင့် ဖိနှိပ်ချုပ်ချယ်သည့် အစီအစဉ်အားလုံး ရပ်ဆိုင်းရန် တောင်းဆိုချက်များပါဝင်ပါတယ်။

မြန်မာစစ်အစိုးရဗိုလ်ချုပ်ကြီးများက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ၏ မြန်မာနိုင်ငံအမျိုးသားရင်ကြားစေ့ရေး၊ ကြားဝင်မြန်မာနိုင်ငံအမျိုးသားရင်ကြားစေ့ရေး၊ ကြားဝင်ညှိနှိုင်းမှုကို လက်မခံဘဲ ပြည်သူလူထုအပေါ် ဖိနှိပ်မှုများကို ရပ်တန့်ရန် ငြင်းဆန်နေပါက ကုလသမဂ္ဂအနေဖြင့် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်သွားစေရန် အမေရိကန်အစိုးရက တိုက်တွန်းသွားမည်ဟု ပြောဆိုသည်။

ယခုမူကြမ်းတွင် ပါဝင်သည့်အချက်များကို လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးကာ ယင်းဆွေးနွေးချက် သဘောထားများကို ကောင်စီအလှည့်ကျ ဥက္ကဋ္ဌထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်းသိရသည်။ ထိုထုတ်ပြန်ချက်သည် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဖြစ် မဟုတ်ပေ။

မြန်မာအာဏာပိုင်များအနေနှင့် လူ့အခွင့်အရေးကို အပြည့်အဝလေးစားလိုက်နာကာ ငြိမ်းချမ်းသောနည်းလမ်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်စေရေးအတွက် ပြီးခဲ့သည့်သောကြာနေ့တွင် လုံခြုံရေးကောင်စီဝင်နိုင်ငံများကြား တညီတညွတ်တည်း သဘောတူညီမှု ရရှိခဲ့သည်ဟု မစ္စတာဂမ်ဘာရီက ပြောသည်။

ထို့အပြင် ကောင်စီဝင်များက မစ္စတာဂမ်ဘာရီ၏ မြန်မာနိုင်ငံရင်ကြားစေ့ရေး ကြားဝင်ဖြန်ဖြေမှုကို အပြည့်အဝထောက်ခံကြောင်း ၎င်းအနေဖြင့် မြန်မာနိုင်ငံသို့ နိုဝင်ဘာလလယ်မတိုင်မီ သွားရောက်ရေး အစီအစဉ်ကို ထောက်ခံကြပြီး လက်ရှိအခြေအနေများ ပုံမှန်ပြန်ရောက်လာစေရေးနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဖြစ်ပေါ်စေရေးအတွက်လည်း သဘောတူညီကြကြောင်း သိရသည်။ ■

**Do (or) Die**

ဒီအတိုင်း အရှုံးပေးပြီး အသေခံမလား

**ရဲရဲစွာနဲ့နိုင်အောင်**

## ပြည်ပမီဒီယာများအား တိုက်ခိုက်မှုအပေါ် မြန်မာသတင်းသမဂ္ဂ၏ တုံ့ပြန်ချက်

*ခေတ်ပြိုင်၊ ၈ အောက်တိုဘာလ၊၂၀၀၇*

စစ်အစိုးရထုတ် မီဒီယာများတွင် ပြည်ပအခြေစိုက် သတင်းဌာနများဖြစ်သည့် BBC/VOA/ RFA သတင်းဌာနများသည် လေလှိုင်းပေါ်က လူသတ်ကောင်များဖြစ်သောကြောင့် ပြည်သူအားလုံး သိထားသင့်ကြောင်း ဖော်ပြချက်အပေါ် ပြည်ပအခြေစိုက် မြန်မာသတင်းသမဂ္ဂ (BMA) က အခြေအမြစ်မရှိသည့် စွတ်စွဲချက်ဖြစ်ကြောင်း တုံ့ပြန်ပြောဆိုလိုက်သည်။

အောက်တိုဘာလ (၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အဆိုပါစွပ်စွဲချက်နှင့် ပတ်သက်၍ BMA အတွင်းရေးမှူး ဦးစံမိုးဝေက သံဃာများဦးဆောင်သော ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုမှုကို အကြမ်းဖက် ပစ်ခတ်နှိမ်နင်းချိန်တွင် စစ်အစိုးရက အင်တာနက်ကွန်ယက်စနစ်ကိုပါ ဖြတ်တောက်ထားခဲ့ကြောင်းနှင့် ပြည်သူများသတင်းရနိုင်သည့် နည်းလမ်းမှန်သမျှကို ပိတ်ပင်ရန်ရည်ရွယ်ခြင်း ဖြစ်ကြောင်းပြောသည်။

၎င်းက "ကျန်တဲ့လမ်းကြောင်းတွေ အကုန်ဖြတ်လို့ရတယ်လေ။ လေလှိုင်းကိုကျတော့ ဖြတ်လို့မရဘူး။ ဒါကြောင့် နောက်ပိုင်းဆိုရင် ဘီဘီစီ နားထောင်ရင် ထောင်ဒဏ်ဘယ်လောက်ဆိုတာတောင် ဖြစ်လာနိုင်ပါတယ်။ ဒီဟာတွေက တကယ်တမ်း အောက်လမ်းနည်းနဲ့ လုပ်နေတာတွေပါ။ ညာနေသလား။ လိမ်နေသလား။ ရန်တိုက်ပေးနေသလားဆိုတာက နားထောင်တဲ့သူတွေ ဆုံးဖြတ်ပါလိမ့်မယ်။ နအဖက ဒီလိုပြောနေတာက မလိုအပ်တာကို အကျယ်ချဲ့နေတာပါ"ဟု ပြောသည်။

ငြိမ်းချမ်းစွာဆန္ဒပြသည့် ရဟန်းသံဃာများနှင့် ပြည်သူလူထုကို ပစ်ခတ်နှိမ်နင်းမှုများ စတင်ခဲ့စဉ်က အကြမ်းဖက်နေသည့် ဓါတ်ပုံ၊ ဗီဒီယို အထောက်အထားအပါအဝင် မှတ်တမ်းများသည် နိုင်ငံတကာ သတင်းဌာနများသို့ လျင်မြန်စွာပျံ့နှံ့ခဲ့သော်လည်း အင်တာနက်ဆက်သွယ်ရေး ကွန်ယက်ကို ဖြတ်တောက်လိုက်သည့် နောက်ပိုင်းတွင် ယခင်ကဲ့သို့ အလွယ်တကူ မပျံ့နှံ့တော့ပေ။

"အခုအချိန်မှာ ဗမာပြည်မှာရှိတဲ့ သတင်းစာဖတ်တဲ့ ပရိတ်သတ်တွေ၊ ရေဒီယိုနားထောင်တဲ့ လူတွေကို လျှော့တွက်လို့မရတော့ဘူး။ အထင်သေးတာပေ့ါနော်။ ဒီလိုပဲ ဝါဒဖြန့်လိုက်လို့ရှိရင် သူတို့ပြောတာကို ယုံသွားမယ်လို့ ထင်တာကိုး။ ဘီဘီစီလိမ်နေပြီ၊ အာအက်ဖ်အေ ညာနေပြီ၊ ဗွီအိုအေ ရန်တိုက်ပေးနေပြီဆိုတာကို ပြည်သူတွေ ယုံသွားမယ်လို့ ထင်နေတာ။ ပြည်သူတွေအဆင့်က ဒီလိုပြောတိုင်းယုံမယ့် လူမျိုးတွေမဟုတ်ပါဘူး"ဟု ဦးစံမိုးဝေက ဆက်လက်ပြောသည်။

ပြန်တွင်းထုတ် လျှပ်တပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်အား ပြည်ပအခြေစိုက် အသံလွှင့်ဌာနများနှင့် မီဒီယာများအပေါ် နအဖက စွပ်စွဲပြောဆိုမှုနှင့်ပတ်သက်၍ မှတ်ချက်တောင်းခံရာ ခေတ်ပြိုင်သတင်းဂျာနယ်ပါ စက်တင်ဘာ (၂၃)ရက်စွဲဖြင့် ထုတ်ပြန်သော ၎င်း၏ ကင်မရာ အသိမ်းခံရသည့်သတင်းနှင့် အခြားပြည်ပသတင်းများကထုတ်ပြန်သော အဆိုကျော်ဆောင်းဦးလှိုင်၊ တင်းမိုးလွင်တို့၏သတင်းများ မှားယွင်းနေကြောင်းသာ ပြောဆိုပြီး တယ်လီဖုန်းချသွားသည်။

"အဘက်ဘက်က သတင်းအမှောင်ချထားတဲ့ တိုင်းပြည်မှာတော့ သတင်းလိုက်တဲ့နေရာမှာ အမှားအယွင်းတော့ရှိမှာပါပဲ။ အခုဟာက ပြည်ပမီဒီယာတွေကို တိုက်ခိုက်နေတာပါ။ ဒီသတင်းဌာနကြီးတွေကသာ သတင်းအမှားတွေကိုထုတ်လွှင့်နေမယ်ဆိုရင် ဘယ်သူကနားထောင်တော့မှာလည်းဗျာ။ ဘယ်ဟာက မှန်သလဲ။ ဘယ်သူက မှားသလဲဆိုတာ နားဆင်တဲ့သူတွေ၊ ဖတ်တဲ့သူတွေကသာ ဆုံးဖြတ်ပါလိမ့်မယ်"ဟု ဦးစံမိုးဝေက ပြောသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် သတင်း မီဒီယာလွတ်လပ်ခွင့် အနည်းဆုံးနိုင်ငံ တနိုင်ငံအဖြစ် သတ်မှတ်ခံထားရပြီး စစ်အစိုးရသည် မီဒီယာကိုမီဒီယာဖြင့် ပြန်လည်တိုက်ခိုက်မည်ဟု မကြာခဏ ပြောဆိုရေးသားလေ့ရှိသည်။ ■

## သံဃာတော်တွေနဲ့ပတ်သက်လို့ န အ ဖ ၏ စွပ်စွဲချက်များကို မည်သူမျှ ယုံကြည်မည်မဟုတ်

*ဒီဗွီဘီ၊ ၈ အောက်တိုဘာလ၊၂၀၀၇*

သံဃာတော်တွေနဲ့ ပတ်သက်လို့ နအဖ သတင်းပြန်ကြားရေးဝန်ကြီးဌာနက ရေးသားစွပ်စွဲမှုတွေအပေါ် ထေရဝါဒ ဗုဒ္ဓဘာသာပေါင်းစုံက ယုံကြည်လက်ခံမှာမဟုတ်ဘူးလို့လဲ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်က ဒီကနေ့ ပြောဆိုလိုက်ပါတယ်။ စစ်အစိုးရက နည်းမျိုးစုံနဲ့ ဖုံးကွယ်လိမ်ညာဖို့ ဘယ်လိုပဲ ကြိုးစားကြိုးစား သံဃာတော်တွေကို သတ်ဖြတ်တဲ့ သာသနာဖျက် ရာဇဝတ်မှုကြီးကို စစ်ခေါင်းဆောင်တွေ ရင်ဆိုင်ရလိမ့်မယ်လို့လဲ ကိုဌေးကြွယ်က သတိပေးပြောဆိုထားပါတယ်။

ဒီဗွီဘီ။ ။ နအဖ သတင်းစာတွေ နအဖက ဗိုလ်မှူးချုပ်ကျော်ဆန်းကိုယ်တိုင် မစ္စတာဂန်ဘာရီလာတုန်းက ပြောတာရှိတယ်ပေ့ါလေ။ ဒီသံဃာတွေဟာ သံဃာအတုတွေပါ (၈၈) မျိုးဆက်ကျောင်းသားတွေကနေ ကတုံး တုံး သင်္ကန်းရုံပေးထားတဲ့ သူတွေပါဆိုပြီးတော့ သုံးသွားပါတယ်ခင်ဗျ။ အဲဒီအပေါ်မှာရော ကိုဌေးကြွယ် ဘယ်လိုမျိုး တုံ့ပြန်ချင်လဲ ခင်ဗျ။

"ဒီကနေ့ ကျနော်တို့ နိုင်ငံမှာ ဖြစ်ခဲ့တဲ့ ပြည်သူ့ဆန္ဒထုတ်ဖော်မှုဟာ ပြည်နယ်နဲ့တိုင်း (၇) တိုင်းမှာ ဖြစ်ခဲ့တာပါ။ အဲဒီလိုပဲ မြို့ပေါင်း (၆၆) မြို့မှာ ဖြစ်ခဲ့ပါတယ်။ ဆန္ဒပြပွဲအကြိမ် ရေနဲ့ ကျနော်တို့ ပြောရမယ်ဆိုလို့ရှိရင် (၂၂၀) ကျော်ဖြစ်ခဲ့ပါတယ်။ ကျနော်တို့ ပြည်သူတွေကပူးပေါင်းပါဝင်မှု နှစ်သန်းကျော်ရှိခဲ့ပါတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံမှာ ငါးသိန်းသော သံဃာအရေအတွက်ရဲ့ (၆၀) ရာခိုင်နှုန်းဖြစ်တဲ့ သံဃာဦးရေ သုံးသိန်းကျော် ပါဝင်ခဲ့ပါတယ်။ အခုအချိန်အထိ ပတ္တနိက္ကုဇ္ဇနကံဟာ ဆက်လက်ပြီးတော့ ရှိနေတုန်းပါပဲ။ အဲဒီကျတော့ ဒီလိုမျိုးလူထုပါဝင်လာမှု ဘယ်လိုပဲ ပုံဖျက်ပုံဖျက်၊ ဘယ်လိုပဲ လိမ်ညာပြီးတော့ ပြောပြော ဒီကနေ့ ကျနော်တို့ပြည်သူတွေဟာ မျက်မြင်သက်သေတွေဖြစ်ပါတယ်။ ကျနော်တို့ ပြည်သူတွေတင်မကဘူး။ ကမ္ဘာ့မိသားစုဝင်နိုင်ငံအားလုံးမှာရှိတဲ့ ကမ္ဘာ့ပြည်သူတွေအားလုံးဟာ မျက်မြင်သက်သေဖြစ်ပါတယ်။ နိုင်ငံသားတွေရဲ့ ရင်ထဲကခံစားချက်ဟာ စစ်အာဏာရှင်ဟာ ကျဆုံးသွားပါပြီ။ ဒီစစ်အာဏာရှင်ဟာ ကျနော်တို့ ပြည်သူကနေပြီးတော့ စက်ဆုပ်မုန်းတီးစရာကောင်းလောက်အောင် ကျဆုံးသွားပါတယ်။ ကျနော်တို့ သမိုင်းမှာလဲ ကျဆုံးသွားပါပြီ။ ဒါကို ကျနော်တို့ အခိုင်အမာပြောချင်တယ်။ သူတပါးနိုင်ငံကနေလာပြီးတော့ အုပ်ချုပ်တယ်ဆိုတဲ့ ကိုလိုနီခေတ်တုန်းက တောင်မှ ဒီလောက်ရက်စက်မှုမျိုး မကြုံခဲ့ရပါဘူး။ ဒီလောက် အငြင်သာဆုံးလမ်းလျှောက်ပြီးတော့ မေတ္တာပို့တယ်ဆိုတာကိုတောင်မှ သေနတ်နဲ့ ပစ်ရတယ်ဆိုတဲ့ သူတို့ရဲ့ယုံကြည်မှုမျိုးဟာ စစ်အာဏာရှင်ဟာ စိတ်ပိုင်းဆိုင်ရာအရ လုံးဝကို ကျဆုံးသွားပါပြီ။ ကျနော်တို့ မြန်မာနိုင်ငံဟာ ငြိမ်းချမ်းရာ၊ တရားမျှတရာဆီကို ပြောင်းကို ပြောင်းလဲတော့မဲ့ အခြေအနေလို့ပဲ ကျနော်တို့ ပြောချင်ပါတယ်။"

ဒီဗွီဘီ။ ။ ဒီအခုဖြစ်ပျက်ခဲ့တဲ့ သံဃာတော်တွေရဲ့ မေတ္တာပို့လမ်းလျှောက်ပွဲတွေ၊ နောက်ဆုံးရဟန်းရှင်လူအပေါင်းပါခဲ့တဲ့ အခုဖြစ်ပျက်ခဲ့တဲ့ ဆန္ဒပြပွဲတွေမှာ အကြမ်းမဖက် ငြိမ်းချမ်းတဲ့ဆန္ဒပြပွဲတွေမှာ စစ်အစိုးရက ဘာဖြစ်လို့ သံဃာတော်တွေကို အဓိကထားပစ်မှတ်ထားပြီး ပက်ပက်စက်စက် ညှဉ်းနှက်သန်းကောင် ဘုန်းကြီးကျောင်းတွေဝင်ရိုက်၊ သတ်တာ ဖြတ်တာ အဲဒါဘာကြောင့် သံဃာတော်တွေကို စစ်အစိုးရက ဒီလောက်အထိ အညှိုးတကြီးနဲ့ သတ်ဖြတ်ဖမ်းဆီး ညှဉ်းပမ်းနေတယ်လို့ ထင်လဲခင်ဗျ။

"သံဃာက တပ်ဦးမှာရှိနေတယ်။ ကျောင်းသားပြည်သူတွေက ရံနေတယ်။ လူထုက ပါလာတယ်ဆိုတဲ့ အမြင်မျိုးနဲ့ ဒီတပ်ဦးကို စစ်ဦးဘီလူးလို ရိုက်ချိုးလိုက်ရင် ဒီလှုပ်ရှားမှုတွေဟာ ရပ်သွားမယ်လို့ သူတို့ မှားယွင်းပြီးတော့ ယုံကြည်ကောင်း ယုံကြည်ပါလိမ့်မယ်။ သံဃာတွေကို ဒီလောက်အထိ

ပက်ပက်စက်စက် ရိုင်းစိုင်းအောက်တန်းကျလွန်းစွာနဲ့ ဖိနှိပ်ခဲ့တဲ့ ဖိနှိပ်မှုကိုတော့ ကျနော်တို့ ပထမ အံ့ဩပါတယ်။ နောက် ဝမ်းနည်းပါတယ်။ ကျနော်တို့ ပြည်သူဟာ တောက်တခေါက်ခေါက်နဲ့ မခံချိမခံသာနဲ့ ရင်ထဲမှာ ကျနော်တို့ အငြိုးစိတ်ခေတ် မကျေနပ်ချက်တွေ မွေးမြူလိုက်ကြပါတယ်။ ဒါဟာ ကျနော်တို့ နိုင်ငံရဲ့ သမိုင်းတောက်လျှောက်မှာ အကြီးမားဆုံး ရာဇဝတ်မှုတခုလို့ပဲ ပြောချင်ပါတယ်။ ကျနော်တို့ မြန်မာလူမျိုး မြန်မာနိုင်ငံမှာ သံဃာဟာ ဘုရားနဲ့ တရားတော်တို့ တည်းထားပြီးတော့ သံဃံသရဏံဂစ္ဆာမိဆိုတဲ့ဟာ ကျနော်တို့ ရင်ထဲက တန်ဖိုးပါ။ ကျနော်တို့ အထွဋ်အမြတ်ထားပြီးတော့ ကျနော်တို့ရဲ့ အစဉ်အလာ ကျနော်တို့ရဲ့ ရိုးရာနဲ့အတူ ကျနော်တို့ ရင်ထဲမှာ ထားထားခဲ့တဲ့ တန်ဖိုးတခုပါ။ အဲသလိုမျိုးကျနော်တို့ရဲ့ ယုံကြည်မှုတွေ တန်ဖိုးတွေ မြန်မာပြည်သူတွေရဲ့ အထွဋ်အမြတ်ထားမှုတွေကို ဒီလို လူမဆန်လောက်အောင်ကို ဖိနှိပ်စော်ကားလိုက်ခြင်းဟာ သမိုင်းနဲ့ချီတဲ့ရာဇဝတ်မှုတခုဖြစ်တယ်လို့ ပြောရပါလိမ့်မယ်။ ဒီလို သံဃာတွေကို ဖိနှိပ်လိုက်လို့ ဖြိုခွင်းလိုက်လို့ ပြိုကွဲသွားတယ်လို့ စစ်အစိုးရခေါင်းဆောင်တွေက ထင်ကောင်းထင်ပါလိမ့်မယ်။ ဒါပေမဲ့လို့ ကျနော်တို့ ရင်ထဲက သံဃံသရဏံဂစ္ဆာမိဆိုတဲ့ရွတ်ဆိုမှုနဲ့အတူ ကျနော်တို့ ရင်ထဲမှာ ထားတဲ့ သံဃာရဲ့ကျေးဇူးတရား၊ သံဃာရဲ့လူထုအပေါ်ရပ်တည်မှု၊ သံဃာတွေရဲ့ အမှန်တရားအပေါ်ရပ်တည်မှုနဲ့အတူ ကျနော်တို့ရင်ထဲမှာရှိထားတဲ့ တန်ဖိုးဟာ ပိုပြီးတော့ပဲကြီးမာလာစရာ အကြောင်းရှိပါတယ်။ ဘယ်တော့မှ ပျောက်ပျက်သွားမှာလဲ မဟုတ်ဘူး။ အဲဒီတော့ ဒီရာဇဝတ်မှုကို စစ်ခေါင်းဆောင်တွေဟာ သမိုင်းနဲ့ချီပြီး ရှင်းရလိမ့်မယ်လို့ ကျနော်သတိပေးချင်ပါတယ်။”

ဒီဗွီဘီ။ ။နောက်တခုက ပြည်သူတွေနဲ့ ပတ်သက်လို့ရော ဘယ်လိုမျိုးပြောပြချင်လဲခင်ဗျ။ လက်ရှိအနေအထားမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှု ဘယ်လိုမျိုး ဆက်လက်လုပ်ဆောင်သင့်တယ်။ ဘယ်လိုမျိုး ပြောပြချင်လဲ ခင်ဗျ။

“ကျနော်တို့ ပြည်သူတွေမှာ အမှန်တရားကို ချစ်မြတ်နိုးတဲ့ စိတ် အပြည့်ရှိနေပါပြီ။ ကျနော်တို့ ပြည်သူတွေမှာ တရားခြင်းမတရားခြင်းဆိုတာကို ခွဲခြားသိနေမှု အသင့်ရှိနေပါပြီ။ ကျနော်မြင်တာကတော့ ပုံသဏ္ဍာန်မျိုးစုံနဲ့ ဖော်ထုတ်ရမယ်လို့ မြင်ပါတယ်။ ညီညီညွတ်ညွတ်နဲ့ တဆင့်ချင်းပူးပေါင်းပြီးတော့ သွားရပါလိမ့်မယ်။ အိမ်ထဲမှာရော လမ်းမပေါ်မှာပါ ကျနော်တို့ အငြင်းပွားစရာမလိုပါဘူး။ မိမိရဲ့ ဆန္ဒကိုဖော်ထုတ်နိုင်ဖို့အတွက် ဒီစစ်အစိုးရရဲ့ ယန္တရားကိုရပ်တန့်နိုင်ဖို့အတွက် ဘယ်နည်းလမ်းကိုမဆို ပူးပေါင်းဆောင်ရွက်ဖို့ အစဉ်သင့်ရှိပြီလို့ ကျနော်တို့ မြင်ပါတယ်။ အစိုးရရဲ့ လက်ကိုင်တုတ် အဖွဲ့အစည်းတွေကအစ အစိုးရရဲ့ ဖိနှိပ်ရေးယန္တရားတွေကအစ ကျနော်တို့ ပူးပေါင်းဆောင်ရွက်မှုကို ဖြည်းဖြည်းချင်း ဖြတ်တောက်ပါမယ်။ ဒီကနေ့ မြန်မာနိုင်ငံမှာ ဘတ်ဂျက်ရှင်းတမ်းမထွက်တာ ကြာပါပြီ။ ကျနော်တို့ဟာ အခွန်ထမ်းပြည်သူတွေပါ။ အခွန်တွေဆောင်ကြတယ်။ အဲဒါတွေကို အစိုးရရဲ့ယန္တရား လည်ပတ်ဖို့အတွက်ပဲ သုံးနေတယ်။ စစ်အာဏာရှင်တစုကောင်းစားရေးအတွက်ပဲ သုံးနေတယ်ဆိုရင် ကျနော်တို့ ပြည်သူဟာ အခွန်မဆောင်တဲ့အထိကို သွားလို့ရပါတယ်။ ဒါဟာဆိုလို့ရှိရင် ကျနော်တို့နိုင်ငံမှာ စစ်အာဏာရှင်စနစ်ဟာ စနစ်ဆိုးဟာ လုံးဝကျဆုံးသွားရမှာပဲဖြစ်ပါတယ်။” ■

## တရုတ်ကောင်စစ်ဝန်ရုံး ပစ်ခတ်ခံရ

***ဒီဗွီဘီ၊ ၈ အောက်တိုဘာလ၊၂၀၀၇***

မန္တလေးမြို့ရှိ တရုတ်ကောင်စစ်ဝန်ရုံး မနေ့ကမနက် (၃) နာရီခန့်မှာ သေနတ်နဲ့အပစ်ခံရတယ်လို့ တရုတ်သံရုံးနဲ့ နီးစပ်သူတွေက ပြောပါတယ်။ ချမ်းအေးသာဇံမြို့နယ်ရှိ တရုတ်ကောင်စစ်ဝန်ရုံးကို အမည်မသိလူတစုက လက်နက်ငယ်တွေနဲ့ ပစ်ခတ်တိုက်ခဲ့တဲ့သတင်းနဲ့ပတ်သက်လို့ အတည်ပြုချက်ရယူဖို့ ကောင်စစ်ဝန်ရုံးကို မေးမြန်းဖို့ ဖုန်းဆက်ပေမယ့် တာဝန်ကျဝန်ထမ်းက ဖြေဆိုဖို့ငြင်းပယ်ပါတယ်။

တရုတ်ကောင်စစ်ဝန်ရုံးနဲ့ အိန္ဒိယ ကောင်စစ်ဝန်ရုံးတို့ရှေ့မှာ မနေ့မွန်းလွဲပိုင်းကစပြီး သဲအိတ်တွေချထားပြီး လက်နက်ကြီးလက်နက်ငယ်တွေကိုင်ထားတဲ့ တပ်မ (၉၉) လက်အောက်ခံတပ်တွေ နေရာယူထားတာ တွေ့ရတယ်လို့ မန္တလေးမြို့ခံများထံက သိရပါတယ်။

တရုတ်ကောင်စစ်ဝန်ရုံးဟာ (၆၆) လမ်း၊ (၃၄) လမ်းနဲ့ (၃၅) လမ်းကြား ရတနာလမ်းသွယ်၊ ရန်ကြီးအောင်လမ်းမှာ တည်ရှိပါတယ်။ မန္တလေးမြို့ပေါ်မှာ လက်နက်ကိုင်စစ်သားတွေ ခါတိုင်းထက်ပိုမိုများပြားစွာ အဆက်မပြတ်ကင်းလှည့်နေပြီး လက်နက်ကြီးကိုင်ဆောင်ထားတဲ့ စစ်သားတွေလည်း ပါရှိတယ်လို့ မန္တလေးမြို့ခံများက ပြောပါတယ်။ မန္တလေးမြို့ပေါ်မှာနေထိုင်တဲ့ တရုတ်စီးပွားရေးသမားအများစုက လုံခြုံရေးအတွက်စိုးရိမ်ပြီး တရုတ်ဘာသာနဲ့ရေးထားတဲ့ ဆိုင်းဘုတ်တွေကို ဖြုတ်ချနေတယ်လို့ မျက်မြင်တွေ့ရှိခဲ့တဲ့ မြို့ခံများက ပြောပါတယ်။ ■

## န အ ဖ ကြေညာချက်ကို ရှေ့နေများသမဂ္ဂက ကန့်ကွက်ရှုတ်ချ

***ဒီဗွီဘီ၊ ၈ အောက်တိုဘာလ၊၂၀၀၇***

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံရေးအတွက် ကြိုတင်စည်းကမ်း သတ်မှတ်ချက် တွေပါရှိတဲ့ နအဖစစ်အစိုးရရဲ့ ကြေညာချက် ၁/၂၀၀၇ ဟာ တရားဥပဒေနဲ့မညီဘူးလို့ ရှေ့နေများသမဂ္ဂ (ပြည်ထောင်စုမြန်မာနိုင်ငံ) က ကန့်ကွက်ရှုတ်ချလိုက်ပါတယ်။ မြန်မာနိုင်ငံမှာ သံဃာတော်များဦးဆောင်တဲ့ ဆန္ဒပြပွဲကာလအတွင်း ရန်ကုန်မြို့မှာဖွဲ့စည်းခဲ့တဲ့ ရှေ့နေများသမဂ္ဂ (ပြည်ထောင်စုမြန်မာနိုင်ငံ)က ဒီနေ့ရက်စွဲနဲ့ ကြေညာချက်ထုတ်ပြန်ပြီး ရှုတ်ချတာ ဖြစ်ပါတယ်။

နအဖအစိုးရရဲ့ အောက်တိုဘာ (၄) ရက်စွဲပါကြေညာချက်မှာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ စီးပွားရေးအဆက်အသွယ်ဖြတ်တောက်ရေး၊ အလုံးစုံပိတ်ဆို့ရေး စတဲ့အချက်တွေကို စွန့်လွှတ်ကြောင်း ကြေညာမှသာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်တွေ့ဆုံ စကားပြောမယ်လို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကို မှာကြားလိုက်ကြောင်း ဖော်ပြပါတယ်။ ဒီကြေညာချက်အရ တိုင်းပြည်အကျပ်အတည်းနဲ့ ကုန်စျေးနှုန်းကြီးမြင့်မှု အကျိုးအပြစ်တွေကို ဒေါ်အောင်ဆန်းစုကြည်ကြောင့် ဖြစ်နေရတဲ့ပုံစံမျိုး အပြစ်ပုံချလိုက်သည့်သဘောဖြစ်နေတာကြောင့် မှားယွင်းတယ်လို့ ရှေ့နေများသမဂ္ဂက ပြောကြားပါတယ်။

စစ်အစိုးရရဲ့ အုပ်ချုပ်ပုံ ညံ့ဖျင်းမှု၊ စီမံခန့်ခွဲပုံလွဲမှားမှုနဲ့ မသမာတဲ့ အဂတိလိုက်စားမှုတို့ကြောင့်သာလျှင် တိုင်းပြည်စီးပွားရေး ချွတ်ခြုံကျကာ ကုန်စျေးနှုန်းအဆမတန်ကြီးမြင့်လာပြီး ပြည်သူလူထုမှာ အကျပ်အတည်းပေါင်းစုံ ရင်ဆိုင်ခံစားလာရတာဖြစ်တယ်လို့ ဝေဖန်ထောက်ပြထားပါတယ်။

ဒီလိုခံစားနေရတာကြောင့် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ ရဟန်းရှင်လူပြည်သူများကို စစ်အစိုးရက အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ဖမ်းဆီးနှိပ်စက်တဲ့ ပြစ်မှုကိုလည်း ရှေ့နေများသမဂ္ဂက “လူသတ်တရားခံ နအဖအစိုးရ” လို့ရည်ညွှန်းပြီး ပြင်းထန်စွာ ပြစ်တင်ရှုတ်ချစွဲချက်တင်ထားပါတယ်။ နအဖစစ်အစိုးရရဲ့ ကြေညာချက် ၁/၂၀၀၇ ကို “တိုင်းပြည်အာဏာကို စစ်ဓားပြတိုက်ယူထားသည့် (၁၉) နှစ် ကြာကာလ၏ သွေးရူးသွေးတန်း ကြေညာချက်တရပ်ဖြစ်ကြောင်း ကျွန်ုပ်တို့ရှုမြင်သည်” လို့ ရှေ့နေများသမဂ္ဂက ဝေဖန်ထားပါတယ်။ ■

## ရန်ကုန်ဆန္ဒပြပွဲအတွင်း သေဆုံးသွားခဲ့တဲ့ ဂျပန်သတင်းထောက် ခမ်းဂျိနာဂအိရဲ့ ရုပ်ကလာပ် တိုကျိုမှာ ကျင်းပခဲ့

*ဗွီအိုအေ၊ ၈ အောက်တိုဘာလ၊ ၂၀၀၇*

ရန်ကုန်မြို့က ဆန္ဒပြပွဲတွေအတွင်း သတင်းမှတ်တမ်းယူနေရင်း ပစ်ခတ်သတ်ဖြတ်တာကို ခံခဲ့ရတဲ့ ဂျပန်လူမျိုး ခမ်းဂျိ နာဂအိ (Kenji Nagai) ရဲ့ ဈာပနကို တိုကျိုမြို့မှာ ဒီကနေ့ ကျင်းပခဲ့တယ်လို့ သိရပါတယ်။ ဒီကနေ့ နေ့လည်ပိုင်းက ကျင်းပခဲ့တဲ့ ဈာပနအခမ်းအနားကို မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူ တချို့လည်း တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ဒီအကြောင်းကိုအောင်လွင်ဦး က တင်ပြထားပါတယ်။

ဒီကနေ့ တိုကျိုမြို့ အာအိုယာမသုသာန်မှာ ကျင်းပတဲ့ ဈာပနအခမ်းအနားကို မိသားစုဝင်တွေ မိတ်ဆွေတွေနဲ့ သူ့ရဲ့သတင်းဌာနဖြစ်တဲ့ APF က လုပ်ဖော်ကိုင်ဖက်တွေအပြင် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူတွေနဲ့ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသား အများအပြား တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ထောင်ဂဏန်းလောက် တက်ရောက်လာတဲ့ ဒီဈာပနကို ဂျပန်ရိုးရာ ဗုဒ္ဓဘာသာအစဉ်အလာအတိုင်း ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။

ဈာပနအခမ်းအနားအတွင်း ဂျပန်ဘုန်းတော်ကြီးတွေက ရွတ်ဖတ်ဆုတောင်းပွဲတွေ လုပ်ခဲ့ကြတာပါ။ ဒီနောက်တော့ ခမ်းဂျိ နာဂအိရဲ့ APF သတင်းဌာနက အကြီးအကဲတယောက်က သူ့ရဲ့ အသက်ဆုံးတိုင် ကျိုးပမ်းသတင်းထောက်လှမ်းခဲ့ပုံကို ချီးကျူးဂုဏ်ပြုရင်း ဝမ်းနည်းကြောင်း ပြောဆိုခဲ့တာကိုလည်း ဂျပန်နိုင်ငံရောက် မြန်မာ့အရေးလှုပ်ရှားသူ ကိုဖုန်းမြင့်နိုင်က မြန်မာလိုဘာသာပြန် ပြောပြခဲ့ပါတယ်။

"သူ့ရဲ့သတင်းထောက် ဗမာပြည်မှာ သေဆုံးသွားခဲ့တာနဲ့ ပတ်သက်ပြီးတော့ စိတ်မကောင်းဖြစ်တဲ့အကြောင်း၊ ဗမာပြည် ဒီမိုကရေစီရရှိရေးအတွက် သူ့အနေနဲ့ တဖက်တလမ်းက လုပ်ဆောင်ပေးသွားတယ်ဆိုတဲ့အကြောင်း၊ ဗမာပြည်ရဲ့ အခြေအနေတွေအားလုံးဟာ အမှန်တကယ် ပြောင်းလဲရပါလိမ့်မယ် ဆိုတဲ့အကြောင်း၊ ဒီအချိန် သူ့အနေနဲ့ သူ့ရဲ့ သတင်းထောက်ကို ဒီအချိန်မှာ လွတ်လွတ်နားပါဆိုပြီး သူက ပြောသွားတယ်။ သူ ရရှိထားတဲ့ ဗွီဒီယိုအခွေ မှတ်တမ်းတွေနဲ့အတူ မပြီးသေးတဲ့ လုပ်ငန်းတွေကိုလည်း သူက ပြောသွားပါတယ်။"

မစ္စတာ ခမ်းဂျိ ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ မိသားစုဝင်တွေအပြင် ဂျပန်–မြန်မာ ရုံးခွဲက ဒေါက်တာမင်းညိုလည်း ဝမ်းနည်းကြောင်း ပြောဆိုခဲ့တာကို ဂျပန်နိုင်ငံရောက် မြန်မာ့အရေး လှုပ်ရှားသူ နောက်တဦးဖြစ်တဲ့ ကိုမြတ်သူက အခုလိုဘာသာပြန် ပြောပြပါတယ်။

"သူက ဘာပြောနေလဲဆိုတော့ ဒီမိုကရေစီလှုပ်ရှားသူတွေရဲ့ ကိုယ်စား၊ အဝေးရောက် မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရရဲ့ ကိုယ်စား၊ ဒေါ်အောင်ဆန်းစုကြည်ကို ကိုယ်စားပြုထားတဲ့ အန်အယ်လ်ဒီ ပါတီရဲ့ ကိုယ်စား သူက ပြောတယ်ပေါ့။ သေဆုံးသွားသူ နာဂအိအတွက် ဝမ်းနည်းကြောင်းနဲ့ ဂုဏ်ပြုတဲ့စကားကို ပြောချင်ပါတယ်ဆိုပြီးတော့ ပြောတယ်။ နာဂအိ ခမ်းဂျိ ဟာ ဗမာပြည်မှာ ဗမာပြည်သူတွေနဲ့အတူ အသက်ကို ရင်းပြီးတော့ ဗမာပြည်သူတွေရဲ့ ဘဝ၊ နအဖ စစ်အုပ်စုရဲ့ အတွင်းစိတ် အမှန်ကို ကမ္ဘာက ပြည်သူတွေ၊ ဂျပန်ပြည်သူတွေသိအောင် အသက်ကို ရင်းပြီးတော့ ဓာတ်ပုံရိုက်ခဲ့တာတွေ၊ ဗွီဒီယို ရိုက်ခဲ့တာတွေကို ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်မို့လို့ တိုင်းပြည်က လေးစားဂုဏ်ယူပါတယ်ဆိုတဲ့အကြောင်း ပြောတယ်။ လူတွေရဲ့ အကျိုးအတွက် ဒုက္ခရောက်ရတဲ့အတွက်ကြောင့်မို့လို့ ဗမာပြည်သူတွေရဲ့ ကိုယ်စားဝမ်းနည်းကြောင်းကို သူ ထပ်ပြောသွားတာ ဖြစ်ပါတယ်။"

ဒီနောက်မှာတော့ မစ္စတာခမ်းဂျိ ရဲ့ ရုပ်အလောင်းကို အာအိုယာမ သုသာန်မှာပဲ မီးသဂြိုဟ်ခဲ့ပြီး အခမ်းအနား အဆုံးသတ်ခဲ့ပါတယ်။ သံဃာတော်တွေ ဦးဆောင်ခဲ့တဲ့ မြန်မာနိုင်ငံက ဆန္ဒပြမှုတွေအတွင်း စက်တင်ဘာလ (၂၇) ရက်နေ့မှာမစ္စတာ ခမ်းဂျိ သေဆုံးခဲ့ရတဲ့ကိစ္စနဲ့ ပတ်သက်လို့ ဂျပန်အစိုးရက မြန်မာစစ်အစိုးရအပေါ် ပြင်းပြင်းထန်ထန် ကန့်ကွက်ထားပေမဲ့ မြန်မာစစ်အစိုးရဘက်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ရေရေရာရာ ပြောဆိုထားတာတော့ မရှိသေးပါဘူး။

ဒီကိစ္စဖြစ်ပွားပြီးတဲ့နောက် ဂျပန်နိုင်ငံလက်ထောက်နိုင်ငံခြားရေး ဝန်ကြီးကိုယ်တိုင် မြန်မာနိုင်ငံကို သွားရောက်ပြီး စစ်အစိုးရအာဏာပိုင်တွေနဲ့ တွေ့ဆုံခဲ့ပေမဲ့လည်း မြန်မာအစိုးရပိုင် သတင်းမီဒီယာတွေမှာတော့ ဆွေးနွေးမှုတွေနဲ့ ပတ်သက်လို့ ဖော်ပြထားတာမျိုးမရှိဘဲ သာမန်တွေ့ဆုံဆွေးနွေးမှုအဖြစ်လောက်သာ ရေးသားဖော်ပြထားခဲ့တာပါခင်ဗျာ။ ■

---

## ဘုန်းကြီးကျောင်းများမှာ လက်နက်ဖမ်းမိတယ်လို န အ ဖ စစ်အစိုးရက ထုတ်ပြန်ကြေညာ

*ဒီဗွီဘီ၊ ၈ အောက်တိုဘာလ၊ ၂၀၀၇*

ဘုန်းတော်ကြီးကျောင်းများမှာ လက်နက်များ သိမ်းဆည်းရမိပြီး သံဃာတော်များကို ဖမ်းဆီးစစ် ဆေးနေဆဲဖြစ်ကြောင်း မြန်မာစစ်အစိုးရပိုင် သတင်းစာများမှာ ဖော်ပြပါတယ်။

အဲဒီပစ္စည်းတွေကို ဘယ်ကျောင်းကဖမ်းမိတယ်လို့ ဖော်ပြမထားဘဲ ကိုးမကျည်တတောင့်၊ ဓားမျိုး စုံ (၁၈) လက်၊ သစ်သားနံချပ်ကူ (၃) ချောင်း၊ ပုဆိန်တလက်၊ သစ်သားလက်ကိုင်တုတ် (၆) ခု၊ လေးခွ (၁၃) ခု စတဲ့ လက်နက်တွေအပြင် ဘောလုံးပွဲနဲ့ ချဲထီလောင်းကစားစာရွက်များလည်း ရမိတယ်လို့ ရေးသားပါတယ်။

နအဖစစ်အစိုးရက ငြိမ်းချမ်းစွာဆန္ဒပြတဲ့ သံဃာတော်များနဲ့ ပြည်သူများကို ပြီးခဲ့တဲ့စက်တင်ဘာနဲ့ အခုလအတွင်း မျက်ရည်ယိုဗုံး၊ သေနတ်၊ နံပါတ်တုတ်၊ ဝါးရင်းတုတ် စတဲ့လက်နက်တွေနဲ့ အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ် ဖမ်းဆီးပြီးနောက် အခုလို ထုတ်ပြန်ကြေညာတာ ဖြစ်ပါတယ်။ စနေနေ့ထုတ် ကြေးမုံသတင်းစာမှာ ဘုန်းတော်ကြီးကျောင်းအချို့ကို မကြာသေးမီက စီးနင်းရာမှာ ညစ်ညမ်းဗီစီဒီ၊ ဒီဗီဒီ၊ ပိုစတာ၊ ဓာတ်ပုံ၊ ရုပ်ပုံစာအုပ်များ၊ ကာမသိဒ္ဓိ ကွန်ဒုံး၊ ရော်ဘာလိင် တံတု၊ အမျိုးသမီးလုံချည်များနဲ့ အတွင်းခံဘောင်းဘီများ စတာတွေ ဖမ်းဆီးရမိတယ်လို့ ဖော်ပြထားပါတယ်။

အဲဒီပစ္စည်းတွေနဲ့အတူ ရဟန်းပျိုသမဂ္ဂ စာရွက်စာတမ်းများ ရမိတယ်လို့လည်း ဖော်ပြပါတယ်။ ရဟန်း (၁၀၉) ပါးနဲ့ အမျိုးသား (၉) ဦးတို့ကို ဆက်လက်စစ်ဆေးနေဆဲဖြစ်ကြောင်း၊ ရဟန်း (၄၀၄) ပါး၊ သာမဏေတပါး၊ အမျိုးသား (၁၅၈) ဦးနဲ့ အမျိုးသမီး (၃၀) တို့ကို ပြန်လွှတ်ပေးလိုက်တယ်လို့လည်း ဖော်ပြထားပါတယ်။ စစ်အစိုးရရဲ့ အကြမ်းဖက်မှုကြောင့် အရင်လကနေ ခုချိန်အထိ ရဟန်းရှင်လူ (၂၀၀) ခန့် သေဆုံးခဲ့ရပြီး (၆၀၀၀) ခန့် ဖမ်းဆီးခံနေရတယ်လို့ နိုင်ငံတကာသတင်းဌာနများက သတင်းထုတ်ပြန်ထားပါတယ်။ ■

---

“ ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ ”